# ပထမပုဂ္ဂလိကဘဏ်လီမိတက်

**(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)**

**First Private Bank**

**The Bank We Trust**

## (၁၁) ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက် (တနင်္ဂနွေနေ့)**

# ပထမပုဂ္ဂလိကဘဏ်လီမိတက်
# (၁၁ )ကြိမ်မြောက် အထူးအစည်းအဝေးနှင့်
# (၃၁)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းဝေးသို့ တင်ပြသည့်
# ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့မှ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလအထိ ဘဏ်ဖွင့်လှစ်ခဲ့သည့်သက်တမ်းမှာ နှစ်(၃၀)တိတိ ပြည့်ခဲ့ပြီဖြစ်ပါသည်။ ဤဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို အစုရှယ်ယာရှင်များကဖတ်ရှု၍ ဘဏ်လုပ်ငန်း အခြေအနေ အားသာချက်၊ အားနည်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ဝေဖန် အကြံဉာဏ်များ ပေးနိုင်ရန်နှင့် အတည်ပြုပေးရန်တင်ပြပါသည်။

## ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(၆လ)ဘဏ်လုပ်ငန်းအခြေအနေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(၆)လမှာ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၂၂ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ထိ(၆လ)ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်(တစ်နှစ်)နှင့် ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် (၆လ) လုပ်ငန်း အခြေအနေများ နှိုင်းယှဉ်ချက်ကို ဇယား(၁)တွင် အကျဉ်းချုပ်၍ဖော်ပြထားပါသည်။

### ဇယား - ၁ -
### ဘဏ်လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်

| အကြောင်းအရာ | | ၂၀၂၀-၂၀၂၁(တစ်နှစ်) | ၂၀၂၁-၂၀၂၂(၆လ) |
|---|---|---|---|
| | | (၃၀-၉-၂၀၂၁) | (၃၁-၃-၂၀၂၂) |
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၅၂,၄၇၉.၆၈ | ၁၄၆,၄၈၆.၅၃ |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၁၆,၇၃၃.၀၇ | ၁၀၆,၉၈၀.၆၈ |
| ၃။ အခွန်မနှုတ်မီအမြတ် | (ကျပ်သန်း) | ၅,၈၁၁.၇၄ | ၂,၈၁၃.၆၃ |
| ၄။ ဝင်ငွေခွန် | (ကျပ်သန်း) | ၆၃၄.၃၂ | ၇၃၅.၂၃ |
| ၅။ မခွဲဝေရသေးသည့် အမြတ်လက်ကျန် | (ကျပ်သန်း) | ၅,၂၅၈.၁၃ | ၆,၈၁၈.၃၀ |

## ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(၆လ) အရှုံးအမြတ်အခြေအနေ
## (၁-၁၀-၂၀၂၁ နေ့မှ ၃၁-၃-၂၀၂၂နေ့ထိ)

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်(တစ်နှစ်)တွင် ရငွေစုစုပေါင်းမှာ ကျပ်၁၈,၂၃၀.၃၅သန်းရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆လ)တွင် ကျပ် ၉,၁၀၃.၅၈သန်း ရှိပါသည်။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်(တစ်နှစ်)တွင် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်၁၂,၄၁၈.၆၁ သန်းရှိပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(၆လ)တွင် ကျပ် ၆,၂၈၉.၉၄သန်း ရှိပါသည်။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် (တစ်နှစ်)တွင် အခွန်မနှုတ်မီ အမြတ်မှာ ကျပ် ၅,၈၁၁.၇၄သန်း ရရှိပြီး၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(၆လ) တွင် အခွန်မနှုတ်မီအမြတ်မှာ ကျပ် ၂,၈၁၃.၆၃ သန်း ရရှိခဲ့ပါသည်။

အရှုံး/အမြတ်နှိုင်းယှဉ်ချက်ကို ဇယား(၂)တွင်ဖော်ပြထားပါသည်။

**ဇယား-၂-**

## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်အရှုံး-အမြတ်နှိုင်းယှဉ်ချက်

**(ကျပ်သန်း)**

| **အကြောင်းအရာ** | **၂၀၂၀-၂၀၂၁**(တစ်နှစ်) | **၂၀၂၁-၂၀၂၂(၆လ)** |
|---|---|---|
| ရငွေ | | |
| အတိုးရငွေ | ၁၃,၇၉၃.၅၁ | ၈,၅၅၇.၇၉ |
| အခြားရငွေ | ၄,၄၃၆.၈၄ | ၅၄၅.၇၉ |
| ရငွေစုစုပေါင်း | ၁၈,၂၃၀.၃၅ | ၉,၁၀၃.၅၈ |
| | | |
| အသုံးစရိတ် | | |
| အတိုးစရိတ် | ၇,၅၀၁.၅၂ | ၃,၁၉၆.၈၉ |
| လုပ်ငန်းကုန်ကျစရိတ် | ၄,၉၁၇.၀၉ | ၃,၀၉၃.၀၅ |
| အသုံးစရိတ်စုစုပေါင်း | ၁၂,၄၁၈.၆၁ | ၆,၂၈၉.၉၄ |
| အခွန်မနုတ်မီအမြတ် | ၅,၈၁၁.၇၄ | ၂,၈၁၃.၆၃ |

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၆လ) အမြတ်များကို ခွဲဝေလျာထားခြင်း

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၆လ) (၃၁-၃-၂၀၂၂)နေ့တွင် ရရှိခဲ့သည့် အခွန်မနုတ်မီအမြတ်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ခွဲဝေလျာထား ခဲ့ပါသည်။

၁။ အခွန်မဆောင်မီအမြတ် — ကျပ် ၂၈၁၃.၆၃သန်း

ဝင်ငွေခွန်ဥပဒေအရ -ပြန်ပေါင်းရမည့်အတိုးစရိတ်များ(Unrealisied Cost)

(က) ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့်

ဖြစ်ပေါ်သော (FX Revaluation Loss) — ကျပ် ၆.၆၁သန်း

ချေးငွေဆုံးရှုံးနိုင်ခြေအတွက်လျာထားငွေများ

(ခ) ချေးငွေဆုံးရှုံးနိုင်ခြေအတွက် သီးသန့်လျာထားငွေ(Specific Provision) — ကျပ် ၃၂၁.၀၁ သန်း

(ဂ) ချေးငွေဆုံးရှုံးနိုင်ခြေအတွက် အထွေထွေလျာထားငွေ(General Provision2%) — ကျပ် ၅၃၄.၉၀ သန်း

ကျပ် ၈၆၂.၅၂သန်း

ဝင်ငွေခွန်ဥပဒေအရပေးဆောင်ရမည့်ဝင်ငွေစုစုပေါင်း — ကျပ် ၃,၆၇၆.၁၅ သန်း

၂။ ပေးဆောင်ရသည့် ဝင်ငွေခွန်(20%Provision for Taxation)

(ကျပ်သန်း ၃,၆၇၆.၁၅ x ၂၀%) — ကျပ် ၇၃၅.၂၃ သန်း

၃။ အထွေထွေသီးသန့်ရန်ပုံငွေ (25%Statutory Reserve)

(ကျပ်သန်း ၂၈၁၃.၆၃-၇၃၅.၂၃=၂၀၇၈.၄၀*၂၅%) — ကျပ် ၅၁၉.၆၀သန်း

၄။ မခွဲဝေရသေးသည့်အမြတ်လက်ကျန်(Retained Profit)

(ကျပ်သန်း ၂၀၇၈.၄၀-၅၁၉.၆၀) — ကျပ် ၁, ၅၅၈. ၈၀သန်း

## ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများ

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင် ခွင့်ပြုမတည်ငွေရင်း (Authorized Capital) ကျပ်သန်း၁,၀၀၀ သတ်မှတ်ခဲ့ပြီး အစုရှယ်ယာတစ်စုလျှင်**မူလရောင်းဈေး ကျပ်၁၀,၀၀၀** ဖြင့် ရောင်းချခဲ့ ပါသည်။ ဘဏ်အမြတ်ငွေများ နှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်း၊ နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးနိုင်ခဲ့၍လည်းကောင်း၊ အစု ရှယ်ယာဈေးနှုန်းများကိုအမြတ်တင်၍ရောင်းချခဲ့ပါသည်။ အစုရှယ်ယာများကို အမြတ်တင်ရောင်းချ ရသည့်ငွေများ ကို ပရီမီယံစာရင်း(Premium A/C)တွင် ထည့်သွင်းထားရာ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်ကုန်တွင် **ကျပ်၁၁,၈၄၅.၈၈သန်း** ရှိပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်ရှိ ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း(Paid up Capital) မှာ **ကျပ်၂၄,၇၂၀.၅၃သန်း** ဖြစ်ပါသည်။

ပြင်ပစာရင်းစစ်အစီရင်ခံစာအရအစုတစ်စုတန်ဖိုး(Book Value per Share)မှာ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေး နှစ်ကုန် (၃၀-၉-၂၀၂၁)နေ့တွင် **ကျပ်၂၆,၇၈၄** ရှိပြီး (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂) နေ့တွင် **ကျပ်၂၇,၉၇၁** ရှိသဖြင့် **ကျပ်၁,၁၈၇** တိုးမြင့်ခဲ့ပါသည်။အစုတစ်စုတန်ဖိုးကိုတွက်ချက်ရာတွင် ဘဏ်လက်ဝယ်ရှိ ငွေသားကိုသာ အခြေခံ တွက်ချက်ထားပါသည်။

### အစုရှင်များ၏ ရပိုင်ခွင့်များ

အစုရှင်များ၏ရပိုင်ခွင့်များမှာ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့ တွင် **ကျပ်၆၆,၂၁၁.၀၁သန်း** ရှိပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့တွင်**ကျပ်၆၉,၁၄၆.၆၉သန်း**ရှိ၍**ကျပ်၂,၉၃၅.၆၈သန်း**တိုးခဲ့ပါသည်။ အစုရှင်များ၏ရပိုင်ခွင့်များကိုဇယား( ၃ )တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား - ၃-**

**အစုရှင်များ၏ရပိုင်ခွင့်များ**

**(ကျပ်သန်း)**

| | **၂၀၂၀-၂၀၂၁** | **၂၀၂၁-၂၀၂၂** |
|---|---|---|
| ၁။ ထည့်ဝင်ပြီးမတည်ငွေရင်း | ၂၄,၇၂၀.၅၃ | ၂၄,၇၂၀.၅၃ |
| ၂။ ရှယ်ယာပရီမီယံ | ၁၁,၈၄၅.၈၈ | ၁၁,၈၄၅.၈၈ |
| ၃။ အထွေထွေသီးသန့်ရန်ပုံငွေ | ၁၇,၁၃၇.၀၀ | ၁၇,၆၅၆.၆၀ |
| ၄။ ကြွေးဆုံးရန်ပုံငွေ | ၃,၆၅၉.၈၀ | ၄,၅၁၅.၇၂ |
| ၅။ အရေးပေါ်သီးသန့်ရန်ပုံငွေ | ၁၀၃.၁၆ | ၁၀၃.၁၆ |
| ၆။ အခြားရန်ပုံငွေများ | ၈.၁၂ | ၈.၁၂ |
| ၇။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၅,၂၅၈.၁၃ | ၆,၈၁၈.၃၀ |
| ၈။ နိုင်ငံခြားငွေတန်ဖိုးပြန်လည်သင့်ခြင်း ဆုံးရှုံးနိုင်မှုမှလျာထားငွေ | ၃,၄၇၈.၃၈ | ၃,၄၇၈.၃၈ |
| **အစုရှင်များ၏ရပိုင်ခွင့်စုစုပေါင်း** | **၆၆,၂၁၁.၀၁** | **၆၉,၁၄၆.၆၉** |
| **အစုတစ်စုတန်ဖိုး(Book value per share)ကျပ်** | **၂၆,၇၈၄** | **၂၇,၉၇၁** |

### အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

ဘဏ်မှထုတ်ဝေရောင်းချထားသည့် အစုရှယ်ယာအရေအတွက်မှာ**၂,၄၇၂,၀၅၃စု** ငွေပမာဏ**ကျပ်၂၄,၇၂၀.၅၃သန်း** ဖြစ်ပြီး(၃၀-၉-၂၀၂၂)နေ့တွင် အစုရှယ်ယာရှင်ဦးရေမှာ (၈,၂၂၆ )ဦး ရှိပါသည်။ Special Account တွင် အစုရှင်ဦးရေမှာ (၆,၂၈၇)ဦး (၇၆.၄၃%) အစုရှယ်ယာ အရေအတွက်(၁,၃၄၃,၂၂၂ )စု (၅၄.၃၄%)နှင့် ရန်ကုန်စတော့ အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ရန် Securities Accountဖွင့်လှစ်ထားသည့် အစုရှင်ဦးရေမှာ(၁,၉၃၉)ဦး (၂၃.၅၇%) အစုရှယ်ယာ အရေအတွက် (၁,၁၂၈,၈၃၁)စု (၄၅.၆၆%)ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း(YSX)မှပေးပို့ရရှိသော (၃၀-၉-၂၀၂၂)နေ့ရှိ အစုရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှု အချိုး အစားကို အောက်ပါဇယား(၄)တွင် ဖော်ပြထားပါသည်။

### ဇယား -၄-

### (၃၀-၉-၂၀၂၂)နေ့ရှိ အစုရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှု

| | ရှယ်ယာအုပ်စု | Special A/C | Securities A/C | Total A/C |
|---|---|---|---|---|
| ၁။ | ၁-၁၀ | ၃,၅၄၈ | ၆၄၇ | ၄,၁၉၅ |
| ၂။ | ၁၁-၅၀ | ၁,၆၁၆ | ၅၄၁ | ၂,၁၅၇ |
| ၃။ | ၅၀-၁၀၀ | ၃၃၆ | ၁၉၁ | ၅၂၇ |
| ၄။ | ၁၀၁-၅၀၀ | ၄၇၈ | ၃၂၄ | ၈၀၂ |
| ၅။ | ၅၀၁-၁၀၀၀ | ၁၀၅ | ၇၇ | ၁၈၂ |
| ၆။ | ၁၀၀၁-၃၀၀၀ | ၁၂၇ | ၉၆ | ၂၂၃ |
| ၇။ | ၃၀၀၁-၁၀၀၀၀ | ၅၇ | ၃၄ | ၉၁ |
| ၈။ | ၁၀၀၀၁-၃၀၀၀၀ | ၁၆ | ၂၃ | ၃၉ |
| ၉။ | ၃၀၀၀၁ နှင့်အထက် | ၄ | ၆ | ၁၀ |
| | **စုစုပေါင်း** | **၆,၂၈၇( ၇၆.၄၃%)** | **၁,၉၃၉( ၂၃.၅၇ %)** | **၈,၂၂၆(၁၀၀%)** |

### အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၂၀)ဦးစာရင်း

(၃၀-၉-၂၀၂၂)နေ့ရှိ ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူ(၂၀)ဦး၏ အမည်စာရင်းကို အောက်ပါဇယား(၅)တွင် ဖော်ပြထားပါသည်။ အစုရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူ(၂၀)ဦး၏အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ (၈၈၉,၄၉၉)စု ဖြစ်ပြီး စုစုပေါင်း ရောင်းချထားသည့် စုစုပေါင်း အစုရှယ်ယာ၏(၃၅.၉၈ %)ဖြစ်ပါသည်။

### ဇယား -၅-

### (၃၀-၉-၂၀၂၂)နေ့ရှိ အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူ(၂၀)ဦး

| | အမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဦးအောင်မိုးကျော် | ၁၅၇,၃၂၅ | ၆.၃၆% |
| ၂။ | ဒေါ်မာမာထွန်း | ၈၉,၆၁၅ | ၃.၆၃% |
| ၃။ | ဒေါ်ရွှေစင် | ၈၄,၉၀၄ | ၃.၄၃% |
| ၄။ | ဦးမောင်မောင်သိန်း | ၆၄,၆၇၁ | ၂.၆၂% |
| ၅။ | ဦးနေလင်းဦး | ၆၃,၁၆၀ | ၂.၅၅% |
| ၆။ | ဦးထွန်းဝင်းနိုင် | ၄၆,၁၂၆ | ၁.၈၇% |
| ၇။ | ဒေါက်တာအောင်မင်း | ၄၁,၀၀၉ | ၁.၆၆% |
| ၈။ | ဦးလီဂျီဂွန်း | ၃၉,၇၈၈ | ၁.၆၁% |
| ၉။ | ဦးခင်မောင်ဖေ | ၃၀,၀၀၀ | ၁.၂၁% |
| ၁၀။ | ဦးအောင်ကျော်ဇော | ၂၉,၉၆၇ | ၁.၂၁% |
| ၁၁။ | ဦးစိုင်းမောင်မြင့် | ၂၉,၅၄၈ | ၁.၂၀% |
| ၁၂။ | ဦးအောင်လွင် | ၂၉,၄၉၂ | ၁.၁၉% |
| ၁၃။ | ဦးအိုက်တီ | ၂၇,၉၄၀ | ၁.၁၃% |
| ၁၄။ | ဦးအောင် | ၂၆,၈၂၀ | ၁.၀၈% |
| ၁၅။ | ဒေါက်တာကျော်အေး | ၂၄,၉၁၆ | ၁.၀၁% |
| ၁၆။ | ဒေါ်စန်းစန်းခိုင် | ၂၄,၂၂၇ | ၀.၉၈% |
| ၁၇။ | ဦးကောင်း | ၂၃,၀၈၄ | ၀.၉၄% |
| ၁၈။ | ဦးစန်းဦး | ၁၉,၄၆၇ | ၀.၇၉% |
| ၁၉။ | ဒေါ်ကျင်ရီ | ၉,၄၀၄ | ၀.၇၈% |
| ၂၀။ | ဦးအောင်ဝင်း | ၁၈,၀၃၆ | ၀.၇၃% |
| | **စုစုပေါင်း** | **၈၈၉,၄၉၉** | **၃၅.၉၈%** |

## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအချိုးများ

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့ရှိ ဘဏ္ဍာရေးအချိုး များ နှိုင်းယှဉ်ချက်ကို ဇယား( ၆ )တွင် ဖေါ်ပြထားပါသည်။

**ဇယား - ၆-**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | ၂၀၂၀-၂၀၂၁(၃၀-၉-၂၀၂၁) | ၂၀၂၁-၂၀၂၂(၃၁-၃-၂၀၂၂) |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၅၆.၀၆% | ၆၁.၃၈% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1) | ၃၉.၄၃% | ၄၃.၁၅% |
| ၃။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1+2) | ၄၃.၁၅% | ၄၆.၉၇% |
| ၄။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁.၄၁ : ၁ | ၁.၃၈ : ၁ |
| ၅။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| အခွန်မနှုတ်မီ | ၂၃.၅၁% | ၈.၁၄% |
| အခွန်နှုတ်ပြီး | ၂၀.၉၄% | ၆.၀၁% |
| ၆။ အစုရှင်များ၏ခံစားခွင့်အချိုး | ၂.၆၈ : ၁ | ၂.၈၀ : ၁ |
| ၇။ စုစုပေါင်းရပိုင်ခွင့်ပေါ် အမြတ်ပြန်ရနှုန်း | ၁.၀၃% | ၀.၉၃% |
| ၈။ ဈေးနှုန်းနှင့်ဝင်ငွေအချိုး(PE) ratio | ၁၀.၅၁% | ၁၁.၀၀% |
| ၉။ အစုတစ်စုပေါ်ပြန်ရချက်(EPS)(ကျပ်) | ၂,၀၉၄.၃၈ | ၁,၆၈၁.၅၂ |
| ၁၀။ အစုတစ်စုတန်ဖိုး(ကျပ်)(Book Value)* | **၂၆,၇၈၃** | **၂၇,၉၇၁** |

*ဘဏ်လက်ဝယ်ရှိ ငွေသားကိုသာအခြေခံတွက်ချက်ထားပါသည်။

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်ရှိမခွဲဝေရသေးသည့် အမြတ်လက်ကျန်

၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(၆လ)ကုန်ဆုံးသည့် (၃၁-၃-၂၀၂၂)နေ့တွင် မခွဲဝေရသေးသည့် အမြတ် လက်ကျန် (Retained Earning ) မှာ **ကျပ်၆,၈၁၈.၃၀သန်း**ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇ခုနှစ် မတ်လ(၇)ရက် နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် (၅/၂၀၁၇) တွင် အမြတ်ဝေစုခွဲဝေခြင်းအတွက် ရလမ်းမရှိသော နှင့် ရရန်မသေချာသော ချေးငွေ (Non Performing loans) နှင့်စုစုပေါင်းချေးငွေ (Total loan) အချိုးသည်(၅%)အောက် ရှိရမည်ဖြစ်ပြီး ချေးငွေ ကြွေးကျန်အချိုး (NPL Ratio) (၅%)ထက် ကျော်လွန်ပါက အမြတ်ဝေစုခွဲဝေခြင်းမပြုရန် ညွှန်ကြားထားပါသည်။၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(၆လ)ကုန်ဆုံးသည့်(၃၁-၃-၂၀၂၂)နေ့တွင် ချေးငွေကြွေးကျန်အချိုး(NPL Ratio)မှာ(၂၁.၉၂%)ရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်ကို တိကျစွာလိုက်နာ ဆောင်ရွက်ရသည့်အတွက် အမြတ်ဝေစုခွဲပေးနိုင်ခြင်းမရှိခဲ့ပါ။

## ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင် စုစုပေါင်းအပ်ငွေ ပမာဏမှာ ၁၅၂,၄၇၉.၆၈သန်း ဖြစ်ပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့တွင် ကျပ်၁၄၆,၄၈၆.၅၃သန်း ရှိ၍ ကျပ် ( ၃.၉၃ %)လျော့နည်းခဲ့ပါသည်။ ဘဏ်အပ်ငွေများအခြေအနေကို စာရင်းအမျိုးအစားအလိုက် ဇယား (၇) တွင် ဖော်ပြထားပါသည်။

**ဇယား( ၇)**

**စာရင်းအမျိုးအစားလိုက်ဘဏ်အပ်ငွေများ**

**(ကျပ်သန်း)**

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ | ၂၁,၁၁၉.၃၆ | ၂၂,၀၆၈.၀၆ | ၄.၄၉ |
| ၂။ | ငွေစုဘဏ်အပ်ငွေ | ၁၀၄,၀၀၃.၇၈ | ၉၆,၄၅၁.၅၂ | -၇.၂၆ |
| ၃။ | စာရင်းသေအပ်ငွေ | ၂၄,၇၄၇.၀၁ | ၂၂,၀၈၁.၄၅ | -၁၀.၇၇ |
| ၄။ | ခေါ်ယူအပ်နှံငွေ | ၂,၅၂၆.၄၀ | ၅,၈၀၈.၈၈ | ၁၂၉.၉၂ |
| ၅။ | Mobile Money | ၈၃.၁၃ | ၇၆.၆၂ | -၇.၈၃ |
| **စုစုပေါင်း** | | **၁၅၂,၄၇၉.၆၈** | **၁၄၆,၄၈၆.၅၃** | **-၃.၉၃** |

## ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်ချေးငွေလုပ်ငန်းအခြေအနေ

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ ကျပ် ၁၁၆,၇၃၃.၀၇ သန်း ရှိပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့တွင် ကျပ် ၁၀၆,၉၈၀.၆၈သန်း ရှိ၍ (၈.၃၅%) လျော့နည်းပါသည်။ ချေးငွေထုတ်ချေးထားသည့် အာမခံအမျိုးအစားအလိုက်၊ ချေးငွေပမာဏနှင့် လူဦးရေကို ဇယား( ၈ ) တွင်ဖော်ပြပါသည်။

**ဇယား - ၈ -**

**အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ**

| အာမခံအမျိုးအစား | ၂၀၂၀-၂၀၂၁(၃၀-၉-၂၀၂၁) ဦးရေ | ၂၀၂၀-၂၀၂၁(၃၀-၉-၂၀၂၁) ကျပ်(သန်း) | ၂၀၂၀-၂၀၂၁(၃၁-၃-၂၀၂၂) ဦးရေ | ၂၀၂၀-၂၀၂၁(၃၁-၃-၂၀၂၂) ကျပ်(သန်း) |
|---|---|---|---|---|
| ၁။ မြေနှင့်အဆောက်အဦး | ၁၀၀၂ | ၁၀၇,၈၅၈.၄၉ | ၈၆၀ | ၉၉,၆၇၃.၁၂ |
| ၂။ စာရင်းသေအပ်ငွေ | ၁ | ၅.၀၀ | ၁ | ၅.၀၀ |
| ၃။ Project (Cash flow)ပေါ်ချေးငွေ | ၆ | ၄၆၄.၀၀ | ၅ | ၃၉၁.၅၀ |
| ၄။ SME ချေးငွေ | ၅၆ | ၈,၂၆၈.၀၄ | ၅၄ | ၆,၇၇၈.၈၇ |
| ၆။ ဝန်ထမ်းချေးငွေ | ၃၄၈ | ၁၃၇.၅၄ | ၃၆၃ | ၁၃၂.၁၉ |
| **စုစုပေါင်း** | **၁၄၁၃** | **၁၁၆,၇၃၃.၀၇** | **၁၂၈၃** | **၁၀၆,၉၈၀.၆၈** |

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးကဏ္ဍအလိုက်ချေးငွေများကို ဇယား(၉)တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား - ၉ -**

**စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးငွေများ**

**(ကျပ်သန်း)**

| | ၂၀၂၀-၂၀၂၁နှစ်(၃၀-၉-၂၀၂၁) | ၂၀၂၁-၂၀၂၂နှစ်(၃၁-၃-၂၀၂၂) |
|---|---|---|
| ၁။ စိုက်ပျိုးရေး/မွေးမြူရေး | ၁,၀၉၇.၀၀ | ၁၀၆၁.၀၁ |
| ၂။ ဆောက်လုပ်ရေး | ၆,၀၅၂.၇၀ | ၂,၅၄၀.၀၀ |
| ၃။ ကုန်ထုတ်မှု | ၁၇,၄၃၇.၄၆ | ၁၅,၆၈၇.၃၇ |
| ၄။ ဝန်ဆောင်မှု | ၁၇,၅၆၄.၉၄ | ၁၆,၇၄၂.၄၅ |
| ၅။ ကုန်သွယ်မှု | ၅၇,၁၅၇.၆၀ | ၅၅,၃၉၈.၈၉ |
| ၆။ သယ်ယူပို့ဆောင်ရေး | ၉,၀၁၇.၇၉ | ၈,၆၃၉.၈၉ |
| ၇။ SME ချေးငွေ | ၈,၂၆၈.၀၄ | ၆,၇၇၈.၈၈ |
| ၇။ ဝန်ထမ်းချေးငွေ | ၁၃၇.၅၄ | ၁၃၂.၁၉ |
| **စုစုပေါင်း** | **၁၁၆,၇၃၃.၀၇** | **၁၀၆,၉၈၀.၆၈** |

### ဘဏ်နှင့်ဆက်နွယ်သူများချေးငွေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့တွင် ဘဏ်နှင့်ဆက်နွယ်သူ(Related person)များကိုထုတ်ချေးထားသည့် ချေးငွေမှာ လူဦးရေ (၆)ဦး ရှိပြီး ချေးငွေပမာဏမှာ ကျပ်၂,၈၀၅ သန်း ရှိပါသည်။ စုစုပေါင်းချေးငွေပမာဏ၏ (၂.၆၂ %) ဖြစ်ပါသည်။

### ချေးငွေကြွေးကျန်များနှင့် ကြွေးဆုံးရံပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အရ နှစ်စဉ် စုစုပေါင်းချေးငွေပမာဏ၏(၂%)ကို ချေးငွေကြွေးဆုံး ရံပုံငွေအဖြစ် (၃၀-၉-၂၀၂၁)နေ့အထိ **ကျပ်၂၈၂၁.၅၆ သန်း** လျာထားခဲ့ပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊စီးပွားရေး လုပ်ငန်းအခြေအနေအရ ချေးငွေကြွေးကျန်များမှာ ပိုမိုတိုးမြင့်လာနေပြီး အချို့ချေးငွေများမှာ ဆုံးရှုံးနိုင်ခြေ အလွန်မြင့်မားသည့် အခြေအနေတွင် ရှိနေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၇)အရ လက်ရှိလျာထားသော (၂%) ကြွေးဆုံးရံပုံငွေလျာထားခြင်းအပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစပြီး နောက်ထပ်(၃)နှစ်အတွင်း(၂%)စီ ထပ်မံတိုးမြင့်ပြီး

စုစုပေါင်း(၄%)ထိ လျာထားရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂) နေ့အထိ **ကျပ် ၁၁၁၈.၅၇သန်း** ထပ်မံလျာထားခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထက်ပါ အမိန့် ကြော်ငြာစာအရ ဆုံးရှုံးနိုင်ခြေအလွန်မြင့်မားသည့် ဒေသများရှိ ငွေချေးသူ ( ၁၃ )ဦး၏ ချေးငွေအတွက် ( ၂၀၂၁-၂၀၂၂ ) ဘဏ္ဍာရေးနှစ်ကုန် ( ၃၁-၃-၂၀၂၂ )နေ့အထိ ကျပ် **၅၇၅.၅၉သန်း** ကို သီးသန့်လျာထားပြီး စရိတ်အဖြစ် ကျခံခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေး နှစ်ကုန်(၃၁-၃-၂၀၂၂) နေ့ရှိ ကြွေးဆုံးရုံပုံငွေ လျာထားငွေ စုစုပေါင်းမှာ **ကျပ်၄၅၁၅.၇၂သန်း** ရှိပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့တွင်အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့်ချေးငွေ/စာရင်းပိုထုတ် ချေးငွေ Non Performing Loans (NPL)များကိုအောက်ပါဇယား(၁၀)တွင်ဖော်ပြထားပါသည်။

**ဇယား(၁၀)**

**ချေးငွေကြွေးကျန်စာရင်း(NPL)**

**၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၂၂)နေ့**

| လူဦးရေ | ကြွေးကျန်အမျိုးအစား | ချေးငွေပမာဏ (ကျပ်သန်း) | ရာခိုင်နှုန်း | ဆောင်ရွက်ထားမှုအခြေအနေ |
|---|---|---|---|---|
| ၆၆ဦး | ကြွေးဆုံး | ၂၁၃၀၃.၄၇ | ၁၉.၉၁ % | (၂၄)ဦးမှာတရားရုံးတွင်တရားစွဲဆိုထား ပါသည်။ |
| ၂၁ဦး | Doubtful | ၂,၁၄၈.၄၉ | ၂.၀၁ % | ငွေချေးသူများနှင့်ချေးငွေပြန်လည် ပေးဆပ်ရန်ညှိနှိုင်းလျှက်ရှိပါသည်။ |
| စုစုပေါင်း ၈၇ဦး | | ၂၃,၄၅၁.၉၆ | ၂၁.၉၂% | |

## နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၈/၂၀၁၁(၂၄-၁၀-၂၀၁၁)နေ့စွဲဖြင့် နိုင်ငံခြားငွေများဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ပေး ခွင့်လိုင်စင်(Money Changer Licence)ကို ရရှိခဲ့ပြီး နိုင်ငံခြားငွေ လဲလှယ်ရောင်းချရေးကောင်တာ များကို ရန်ကုန် ရုံးချုပ်နှင့် ဘဏ်ခွဲ( ၂၂ )ခုတွင် ဖွင့်လှစ် ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လိုင်စင် (Authorized Dealer Licence)ကို ခွင့်ပြုချက်ရရှိပြီး ရန်ကုန်ရုံးချုပ်တွင် (၂-၁၀-၂၀၁၂)နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်း ကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်နှင့် အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ချိတ်ဆက်၍ ပြည်ပနိုင်ငံများမှမြန်မာနိုင်ငံသို့ တိုက်ရိုက် ငွေလွှဲလုပ်ငန်း(Inbound Service)ကို ဆောင်ရွက် ပေးလျှက် ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မြန်မာနိုင်ငံမှ ပြည်ပသို့နိုင်ငံခြား ငွေလွှဲလုပ်ငန်း(Outbound Service) ကို ထပ်မံခွင့်ပြုခဲ့သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂)နေ့(၆လ)တွင် နိုင်ငံခြား ဘဏ်လုပ်ငန်းမှရရှိသည့် ဝင်ငွေများမှာ Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်း မှ**ကျပ်၁.၁၆သန်း** နှင့် နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း မှ **ကျပ်၃၆၀.၄၈သန်း**၊ နိုင်ငံခြားဘဏ် ဝန်ဆောင်မှုလုပ်ငန်းမှ **ကျပ်၂၄.၆၈သန်း** ဖြင့်စုစုပေါင်းဝင်ငွေ**ကျပ်၃၈၆.၃၂သန်း** ရရှိပါသည်။

## MyKyatမိုဘိုင်းဘဏ်ငွေလွှဲလုပ်ငန်းအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းဘဏ်လုပ်ငန်း(Mobile Banking)ကို ဆောင်ရွက်ခွင့်ရရှိခဲ့ပါသဖြင့် ပထမပုဂ္ဂလိကဘဏ်နှင့် နည်းပညာကုမ္ပဏီFrontier Technology Partners Company Ltd., တို့ပူးပေါင်းပြီး မိုဘိုင်းဘဏ် ငွေလွှဲ လုပ်ငန်းဝန်ဆောင်မှုများကို "Mykyat" အမည်ဖြင့် (၇-၅-၂၀၁၅)နေ့မှစတင်ဝန်ဆောင်မှုပေးခဲ့ပါသည်။ သို့သော်၂၀၂၁ခုနှစ်ဧပြီလမှစပြီး ဘဏ်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျှက်ရှိသော နည်းပညာ ကုမ္ပဏီFrontier Technology Partners Company Ltd., မှာ နည်းပညာအဆင့်မြှင့်(Upgrade)ရန် အခက်အခဲနှင့် ဈေးကွက်အပြိုင်အဆိုင်များကြောင့် ထိုက်သင့်သည့်အောင်မြင်မှု မရရှိသဖြင့် (၂၆-၂-၂၀၂၂)နေ့တွင် ပြုလုပ်သည့် ဒါရိုက်တာ အဖွဲ့ (၂/၂၀၂၂)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်လုပ်ငန်းရပ်ဆိုင်းရန် သဘောတူစာချုပ် ချုပ်ဆို ခဲ့ကြပါသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း "Mykyat" မိုဘိုင်းဘဏ် ငွေလွှဲလုပ်ငန်း ဝန်ဆောင်မှုကို ရပ်ဆိုင်းရန်ခွင့်ပြုခဲ့ပါသည်။

## Core Banking ဆောင်ရွက်နေမှုအခြေအနေတင်ပြခြင်း

ဒါရိုက်တာအဖွဲ့မှဘဏ်လုပ်ငန်းစနစ်အားခေတ်မှီနည်းပညာ ICBS (Integrated Core Banking System)သို့ ပြောင်းလဲနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျှက်ရှိရာ ဒါရိုက်တာအဖွဲ့၏ (၁၀ /၂၀၂၁)ကြိမ်မြောက် အစည်းအဝေးမှ Myanmar Information Technology (MIT)Company ၏ ICBS Core Banking စနစ်ကိုအသုံးပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။

Myanmar Information Technology (MIT) Company ၏ ICBS Core Banking စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်ကို ( ၁၂-၁၁-၂၀၂၁ )နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ Project kickoff ကို (၃၀-၁၁-၂၀၂၁)နေ့တွင်စတင်ခဲ့ပြီး Requirement Gathering (PWT & Migration) ကို(၆-၁၂-၂၀၂၁)နေ့တွင်လုပ်ဆောင်ခဲ့ပါသည်။ ICBS Core Banking အသုံးပြုပုံသင်တန်း Training to Trainer ကို(၁၈-၄-၂၀၂၂)နေ့တွင်ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများအားလုံးအား ICBS Core Banking စနစ်သစ်ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်အတွက်(၁၇-၁၀-၂၀၂၂)နေ့အထိ ဝန်ထမ်းစုစုပေါင်း (၈၀)ဦးကိုသင်တန်းပေးခဲ့ပါသည်။ Phase-1 အနေဖြင့်ရုံးချုပ်နှင့်ရန်ကုန်ဘဏ်ခွဲ(၅)ဘဏ်ဖြစ်သော ဘုရင့်နောင်၊ သိမ်ကြီးဈေး၊ လသာ၊ အလုံ ဘဏ်ခွဲတို့အား (၂၅-၁၀-၂၀၂၂) နေ့တွင် အောင်မြင်စွာ Go Live ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်ပြီး နေပြည်တော်၊ မန္တလေး(၂) ၊ မုံရွာ(၃) ၊ ပြည်၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မကွေး၊ မန္တလေး(၂၂)၊ မုံရွာ(၂၅)၊ မင်းလှစသည့် ဘဏ်ခွဲ(၁၀)ဘဏ်ကို (၂၀၂၃)ခုနှစ် နှစ်စပိုင်းတွင် အောင်မြင်စွာသွားနိုင်ရန် စီစဉ်ဆောင်ရွက်Live Go နေပါသည်။ဘဏ်ခွဲများ(၃၆)ဘဏ်စလုံးကို ၂၀၂၃ခုနှစ်တွင်စနစ်သစ် ICBS (Integrated Core Banking System)သို့ပြောင်းလဲနိုင်ရန် စီမံဆောင်ရွက်လျှက်ရှိပါသည်။

## ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင် အရောင်းအဝယ်ပြုလုပ်သည့်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့် (၂၄)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ အစုရှင်များ၏သဘောတူအတည်ပြုချက်ဖြင့် ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင် စာရင်းဝင်ကုမ္ပဏီ အဖြစ် (၂၀-၁-၂၀၁၇) နေ့မှစပြီး ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများကိုစတော့ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်စတော့ဈေးကွက်(YSX)တွင် နေ့စဉ်ရောင်းလိုအား၊ ဝယ်လိုအားပေါ် မူတည်၍ အစုရှယ်ယာ ဈေးနှုန်းများမှာ ပြောင်းလဲနေပါသည်။ (၂၀-၁၀-၂၀၂၂)နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း(YSX)ရှိ ပထမပုဂ္ဂလိကဘဏ်အစု ရှယ်ယာတစ်စုလျှင် ကျပ်၂၁,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် ဘဏ်အစုရှယ်ယာများ စတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့် (၂၀-၁-၂၀၁၇) နေ့မှ(၃၀-၉-၂၀၂၂)နေ့အထိ အရောင်းအဝယ်ဖြစ်သည့်ပမာဏ(Trade Volume)မှာ အစုရှယ်ယာ( ၆၁၃,၈၇၁ ) စု ရှိပြီး ငွေပမာဏ ကျပ် ၁၂,၇၃၃.၅၃သန်း ဖြစ်ပါသည်။

## ဘဏ်ဒါရိုက်တာအဖွဲ့(Board of Director)

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် (၃၀) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်အလှည့်ကျနုတ်ထွက်သည့်ဒါရိုက်တာ(၃)ဦးနှင့် ကွယ်လွန်သွားသည့် ဥက္ကဋ္ဌဒေါက်တာစိန်မောင်၊ ဦးထွန်းဆိုင်(၂)နေရာအပါအဝင်လစ်လပ်သွားသည့် ဒါရိုက်တာ(၅)ဦးနေရာတွင် အသစ်ပြန်လည်အရွေးခံရသည့် ဒါရိုက်တာ(၅)ဦးမှာ (၁)ဒေါ်လှလှရီ (၂)ဦးသိန်းမြင့် (၃)ဒေါက်တာတင်ဝင်း (၄)ဦးသိန်းလွင် (၅)ဦးလဆန် တို့ဖြစ်ကြပါသည်။

(၁၅-၁-၂၀၂၂) နေ့ တွင် ကျင်းပပြုလုပ်သည့် ၁/၂၀၂၂ ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ ကို (၁)ဒေါက်တာတင်ဝင်း (၂)ဒေါ်လှလှဝင်း (၃)ဦးမြင့်လွင် (၄)ဦးမျိုးထွန်း (၅)ဒေါက်တာတင်ကြည် (၆) ဒေါ်လှလှရီ (၇) ဦးသိန်းမြင့် (၈) ဦးထင်အောင်ကျော်ဦး (၉)ဦးလဆန် (၁၀) ဦးသိန်းလွင် (၁၁) ဦးကပ်ခင်းပေါင် (သီးခြား လွတ်လပ်သည့် ဒါရိုက်တာ) (၁၂)ဒေါ်ရီရီလွင်(သီးခြားလွတ်လပ်သည့်ဒါရိုက်တာ) (၁၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်) တို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၉/၂၀၁၉) ညွှန်ကြားချက်အရ သီးခြားလွတ်လပ်သော ဒါရိုက်တာများအဖြစ် (၁)ဦးကပ်ခင်းပေါင် (၂)ဒေါ်ရီရီလွင်တို့(၂)ဦးကိုခန့်ထားခဲ့ပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ

(၁၅-၁-၂၀၂၂) နေ့ တွင် ကျင်းပပြုလုပ်သည့် ၁/၂၀၂၁ ဒါရိုက်တာအဖွဲ့ အထူး အစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၈၂)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၉/၂၀၁၉) ညွှန်ကြားချက်အရ ဒါရိုက်တာအဖွဲ့ဝင်များ ၏ မဲအများစုဖြင့် ဥက္ကဋ္ဌတစ်ဦးကို ဒါရိုက်တာများက ရွေးချယ် ခန့်ထားရမည်ဖြစ်၍ လျှို့ဝှက်ဆန္ဒ မဲစနစ်ဖြင့် ဥက္ကဋ္ဌ အဖြစ် ဒေါက်တာတင်ဝင်းအား ရွေးချယ်ခန့်ထား ခဲ့ကြပါသည်။

## အမှုဆောင်ဒါရိုက်တာ

(၁၅-၁-၂၀၂၂)နေ့တွင် ကျင်းပပြုလုပ်သည့် ၁/၂၀၂၂ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၉၇)အရ အမှုဆောင်ဒါရိုက်တာအဖြစ် ဒါရိုက်တာများကရွေးချယ်ခန့်ထားရန်အတွက် လျှို့ဝှက်ဆန္ဒမဲဖြင့် အမှုဆောင်ဒါရိုက်တာအဖြစ် ဒေါ်လှလှဝင်းအား ရွေးချယ်ခန့်ထားခဲ့ကြပါသည်။

## ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးနှင့်တွဲဘက်အတွင်းရေးမှူး

(၁၅-၁-၂၀၂၂)နေ့တွင် ကျင်းပပြုလုပ်သည့် ၁/၂၀၂၂ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးအဖြစ် ဒေါ်လှလှဝင်း နှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးမျိုးမင်းချို(လုပ်ငန်းပိုင်ဆိုင်ရာအရာရှိချုပ်) တို့အား တာဝန်ပေးအပ်ခဲ့ကြပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှု

(၃၀-၉-၂၀၂၂)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏တစ်ဦးချင်းအစုရှယ်ယာပိုင်ဆိုင်မှုနှင့် စုစုပေါင်းအစုရှယ်ယာ အရေအတွက်မှာ(၇၄၂၉၆)စုဖြစ်ပြီး စုစုပေါင်းရောင်းချထားသည့် အစုရှယ်ယာ၏(၃.၀၁%)ဖြစ်ပါသည်။ (၃၀-၉-၂၀၂၂)နေ့ရှိ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှုကို အောက်ပါဇယား(၁၁)တွင် ဖော်ပြထားပါသည်။

## ဒါရိုက်တာအဖွဲ့အစည်းအဝေးများကျင်းပခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၉/၂၀၁၉) ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ၂၀၂၂ခုနှစ်ဇန်နဝါရီလ မှ ၂၀၂၂ခုနှစ် အောက်တိုဘာလ လကုန်ထိ ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး (၃)ကြိမ်၊ ပုံမှန်လပတ်အစည်းအဝေး(၁၀)ကြိမ် လလယ် အစည်းအဝေး( ၃ )ကြိမ် စုစုပေါင်း(၁၆) ကြိမ်ကျင်းပခဲ့ပါသည်။ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ ဒါရိုက်တာ တစ်ဦးချင်း တက်ရောက်ခဲ့သည့် အကြိမ်အရေအတွက်ကို အောက်ပါဇယား(၁၁)တွင်ဖော်ပြထားပါသည်။

ဇယား-၁၁-

## (၃၀-၉-၂၀၂၂)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှုစာရင်း

| | အမည် | ရှယ်ယာအရေအတွက် | အစည်းအဝေးတက်ရောက်သည့်အကြိမ် |
|---|---|---|---|
| ၁။ | ဒေါက်တာတင်ဝင်း | ၅၄၆၁ | (၁၆) ကြိမ် |
| ၂။ | ဦးမြင့်လွင် | ၁၂,၅၀၆ | (၁၆) ကြိမ် |
| ၃။ | ဒေါ်လှလှဝင်း | ၇,၂၆၀ | (၁၆) ကြိမ် |
| ၄။ | ဦးမျိုးထွန်း | ၁၃,၉၂၀ | (၁၆) ကြိမ် |
| ၅။ | ဒေါက်တာတင်ကြည် | ၁၀၀ | (၁၃) ကြိမ် |
| ၆။ | ဒေါ်လှလှရီ | ၅၃၈၉ | (၁၆) ကြိမ် |
| ၇။ | ဦးထင်အောင်ကျော်ဦး | ၅၅၀၀ | (၁၅) ကြိမ် |
| ၈။ | ဦးသိန်းမြင့် | ၇၅၂ | (၁၅) ကြိမ် |
| ၉။ | ဦးသိန်းလွင် | ၁၀၀ | (၁၅) ကြိမ် |
| ၁၀။ | ဦးလဆန် | ၅၀၀၀ | (၁၃) ကြိမ် |
| ၁၁။ | ဦးကပ်ခင်းပေါင် (Independent Director) | ၁၅၁ | (၁၅) ကြိမ် |
| ၁၂။ | ဒေါ်ရီရီလွင်(Independent Director) | ၁၆၅၇၄ | (၁၆) ကြိမ် |
| ၁၃။ | ဦးမြင့်ဇော်(CEO) | ၁၅၈၃ | (၁၆) ကြိမ် |
| | **စုစုပေါင်း** | **၇၄,၂၉၆(၃.၀၁%)** | |

## ဒါရိုက်တာအဖွဲ့အကြံပေးကော်မတီ(Board of Director Advisory Committee)

ဒါရိုက်တာအဖွဲ့သည်(၁၅-၁-၂၀၂၂)နေ့တွင်ပြုလုပ်သည့်၁/၂၀၂၂ကြိမ်မြောက်အထူးအစည်းဝေးမှဒါရိုက်တာအဖွဲ့ကို လိုအပ် သည့် အကြံဉာဏ်များပေးနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့အကြံပေးကော်မတီ(Board of Director Advisory Committee) အဖြစ် (၁)ဦးနေလင်းဦး (၂)ဒေါက်တာသာထွန်းဦး (၃)ဒေါ်ယဉ်ယဉ်အေး(ဥပဒေအကျိုးဆောင်)တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ကော်မတီများဖွဲ့စည်းထားရှိခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအရ ဒါရိုက်တာအဖွဲ့သည်(၁၅-၁-၂၀၂၂)နေ့တွင်ပြုလုပ်သည့် ၁/၂၀၂၂ကြိမ်မြောက် အထူးအစည်းဝေးဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲသူ အရာထမ်းများပါဝင်သော အောက်ပါကော်မတီများကို ဖွဲ့စည်း၍ ဘဏ်လုပ်ငန်းအဝဝကို ကြီးကြပ်ကွပ်ကဲလျှက် ရှိပါသည်။

### (၁)ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီ (Credit Committee)

ဒါရိုက်တာအဖွဲ့ဝင်များအားလုံး ပါဝင်သော ချေးငွေကော်မတီကို ဖွဲ့စည်းပါသည်။ ချေးငွေကော်မတီ၏ စည်းမျဉ်းသတ်မှတ်ချက်အရ ချေးငွေကော်မတီအစည်းဝေးကို အနည်းဆုံး ဒါရိုက်တာ(၅)ဦး တက်ရောက်ရမည်ဖြစ်ပြီး ချေးငွေပမာဏ ကျပ် သိန်း(၅၀)ထက်ကျော်လွန်ပါက အနီးဆုံး ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူပါသည်။ ဒါရိုက်တာအဖွဲ့ ချေးငွေကော်မတီအစည်းအဝေးကို (၂၃)ကြိမ် ကျင်းပခဲ့ပါသည်။

### (၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee)

(၁) ဒေါက်တာတင်ဝင်း(ဥက္ကဋ္ဌ)

(၂) ဒေါ်လှလှဝင်း(အမှုဆောင်ဒါရိုက်တာ)

(၃) ဦးမြင့်လွင် (ဒါရိုက်တာ)

(၄) ဦးသိန်းလွင် (ဒါရိုက်တာ)

(၅) ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)တို့ဖြင့်ဖွဲ့စည်းထားပြီး ကော်မတီအစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပလျှက်ရှိပါသည်။

### (၃) ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များဆိုင်ရာကော်မတီ (Asset and Liability Committee)

(၁) ဒေါက်တာတင်ဝင်း(ဥက္ကဋ္ဌ)

(၂) ဒေါ်လှလှဝင်း(အမှုဆောင်ဒါရိုက်တာ)

(၃) ဦးမြင့်လွင် (ဒါရိုက်တာ)

(၄) ဦးသိန်းလွင် (ဒါရိုက်တာ)

(၅) ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)

ကော်မတီ၏အဓိကတာဝန်များမှာ ငွေဖြစ်လွယ်မှုအချိုး၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အချိုးများကိုက်ညီရန် ဒါရိုက်တာအဖွဲ့ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။

### (၄) ဝန်ထမ်းစုဆောင်းခြင်းနှင့်လုပ်ခလစာဆိုင်ရာကော်မတီ (Nomination&Remuneration Committee)

(၁) ဦးမြင့်လွင် (ဒါရိုက်တာ)( ဥက္ကဋ္ဌ)

(၂) ဒေါ်လှလှရီ(ဒါရိုက်တာ)

(၃) ဦးမျိုးထွန်း (ဒါရိုက်တာ)

(၅) ဒေါက်တာတင်ကြည်(ဒါရိုက်တာ) တို့ဖြင့် ဖွဲ့စည်းထား ပါသည်။

### (၅) နည်းပညာဆိုင်ရာဦးဆောင်မှုကော်မတီ (IT Steering Committee)

(၁) ဒေါက်တာတင်ဝင်း(ဥက္ကဋ္ဌ)

(၂) ဦးသိန်းလွင် (ဒါရိုက်တာ)

(၃) ဦးသိန်းမြင့် (ဒါရိုက်တာ)

(၄) ဦ ီးထင်အောင်ကျော်ဦး((ဒါရိုက်တာ)

(၅) ဦးလဆန် (ဒါရိုက်တာ)

IT Steering Committeeသည် ပထမပုဂ္ဂလိကဘဏ်၏ Core Banking Systemအကောင်အထည်ဖော်ရေးနှင့် Digital Transformation အတွက်အနီးကပ်ဦးဆောင်ကြီးကြပ်နိုင်ရန် အပတ်စဉ် အစည်းအဝေး (၃၉) ကြိမ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။

### (၆) စာရင်းစစ်ကော်မတီ (Audit Committee)

(၁) ဒေါ်ရီရီလွင် (သီးခြားလွတ်လပ်သည့်ဒါရိုက်တာ)

(၂) ဒေါ်လှမြင့်

(၃) ဒေါ်ခင်ဌေးယု

(၅) ဒေါ်ခင်သီတာ တို့ဖြင့် ဖွဲ့စည်းထား ပါသည်။

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ (၃၁-၁၂-၂၀၂၁)နေ့တွင်ကျင်းပသည့် (၃၀)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ စာရင်းစစ်ကော်မတီကို (၁)ဒေါ်လှမြင့် (၂)ဒေါ်ခင်ဌေးယု (၃)ဒေါ်ခင်သီတာတို့ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။စာရင်းစစ်ကော်မတီသည်(၃)လလျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး စာရင်းများကို စစ်ဆေး၍ ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံစာတင်ပြပါသည်။

### (၇)ဥပဒေနှင့်နည်းဥပဒေလိုက်နာမှုဆိုင်ရာကော်မတီ(Compliance Committee)

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဥပဒေနှင့်နည်းဥပဒေ လိုက်နာမှုဆိုင်ရာကော်မတီကို အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေးအရာရှိချုပ် ၊ ချေးငွေအရာရှိချုပ်၊ ငွေရေးကြေးရေးအရာရှိချုပ်၊ လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ်နှင့် ဘဏ်ခွဲတာဝန်ခံ မန်နေဂျာများဖြင့် ဖွဲ့စည်း ထားပါသည်။

### (၈) ဆောက်လုပ်ရေးနှင့်အကြီးစားပြင်ဆင်ရေးကော်မတီ( Construction &Renovation Committee)

ဘဏ်ပိုင်အဆောက်အဦများဆောက်လုပ်ခြင်းနှင့်အကြီးစားပြင်ဆင်ဆောက်လုပ်ရန်အတွက် ဒါရိုက်တာများပါဝင်သော Construction & Renovation Committee အား (၁)ဦးမျိုးထွန်း( ဥက္ကဋ္ဌ) (၂)ဒေါက်တာတင်ကြည် (၃)ဦးလဆန် (၄)ဦးသိန်းမြင့် (၅)ဦးထင်အောင်ကျော်ဦး တို့ဖြင့် ဖွဲ့စည်း ထားပါသည်။

## ဒါရိုက်တာအဖွဲ့၏ဆောင်ရွက်ချက်များ

ဒါရိုက်တာအဖွဲ့၏ (၁၅-၃-၂၀၂၂)နေ့တွင်ကျင်းပသည့် အထူးအစည်းအဝေး၂/၂၀၂၂ ရှေ့လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအစည်းအဝေးမှ အောက်ပါ Vision/Mission များကိုရေးဆွဲခဲ့ကြပါသည်။

## Vision/Mission များရေးဆွဲခြင်းနှင့်ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း

### Our Vision(ကျွန်ုပ်တို့၏မျှော်မှန်းချက်)

**“**To be one of the leading Banks in Myanmar building strong Customers' Trust and good Corporate Governance ”

“ဘဏ်နှင့်ဆက်သွယ်သုံးစွဲသူများ၏ ယုံကြည်မှုခိုင်မာလာစေရန် နှင့် ဘဏ်နှင့်သက်ဆိုင်သူများ၏ အကျိုးစီးပွား အတွက် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ကို တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ထိပ်တန်းဘဏ်တစ်ခုဖြစ်ရန်”

### Our Mission (ကျွန်ုပ်တို့၏ရည်မှန်းချက်)

“ To keep strong relationship with our customers providing quality customer services and innovative products”

“သုံးစွဲသူCustomer များအတွက်ကောင်းမွန်သောဝန်ဆောင်မှုများ ဆန်းသစ်သောဘဏ်၏ product များကို ဆောင်ရွက်ပေးခြင်းဖြင့်ကျွန်ုပ်တို့၏Customer များနှင့်ခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ရန်”

“First Private Bank to be Trusted and Reliable Bank in Myanmar focusing on Financial Security and benefits of stakeholders by providing highest level of banking expertise and digital technology”

“ပထမပုဂ္ဂလိကဘဏ်သည် မြင့်မားသောဘဏ်လုပ်ငန်းကျွမ်းကျင်မှု ဒစ်ဂျစ်တယ်နည်းပညာများဖြင့်ဘဏ်နှင့် သက်ဆိုင်သူများ၏ ငွေကြေးလုံခြုံမှုနှင့် အကျိုးကျေးဇူးများကို အာရုံစိုက်ကာ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရသောဘဏ်တစ်ခု ဖြစ်လာစေရန်”

## ဘဏ်အမှတ်တံဆိပ်(Logo)ပြောင်းလဲခြင်းနှင့်Logo၏အဓိပ္ပါယ်ဖွင့်ဆိုချက်

လက်ရှိဘဏ်၏Logo ဖြစ်သည့် လောကနတ်ပုံအား စက်ဝိုင်းနှစ်ထပ်ဖြင့်ဝိုင်းထားပြီး ဘဏ်အမည် ရေးထားသော အမှတ်တံဆိပ်(Logo)ကို မှတ်ပုံတင်ဆောင်ရွက်ရာတွင် လောကနတ်မှာအများနှင့်သက်ဆိုင်သည့်အတွက် မူပိုင် မှတ်ပုံတင်၍ မရရှိ သောကြောင့် ဘဏ်အမှတ်တံဆိပ်(Logo)ကို ပြောင်းလဲရန် ဒါရိုက်တာအဖွဲ့မှဆုံးဖြတ်ခဲ့ပါသည်။ဘဏ်Logo အသစ်မှာ တြိဂံ (Triangle) ပုံစံသည် ပိုမိုကောင်းမွန်သော တိုးတက်အောင်မြင်သောအနာဂတ်သစ်ဆီသို့ဦးတည် ပြောင်းလဲရွေ့လျားမည် ဟူသည့် အဓိပ္ပါယ်ကိုဖော်ဆောင်ပါသည်။ မျဉ်းပြိုင်(၆)ကြောင်း သည်Stakeholderများ ဖြစ်သည့်-(၁)ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ (Customers) (၂)ဘဏ်ဝန်ထမ်းများ(Employees)(၃)ရင်းနှီးမြှုပ်နှံသူ ရှယ်ယာ ရှင်များ (Investors) (၄) ဘဏ်ကို အထောက်အပံ့ ပေးသူများ (Suppliers)(၅)လူမှုပတ်ဝန်းကျင်များ (Communities) (၆)နိုင်ငံတော်အစိုးရ (Government) စသည့်(6)Stakeholder များကို ကိုယ်စားပြုပါသည်။

အရောင်များ၏အဓိပ္ပါယ်မှာအပြာရောင်(Royal Blue)သည် ယုံကြည်စိတ်ချရခြင်း (Trust)၊ ဂုဏ်သိက္ခာ(Dignity) မှန်ကန်ဖြောင့်မတ်ခြင်း(Integrity)ဖြစ်ပြီး အစိမ်းရောင်(Green)မှာ သဘာဝတရားကို ကိုယ်စားပြုပြီးတိုးတက်ကြီးထွားမှု (Growth) အသစ်ပြုပြင်တည်ဆောက်ခြင်း(Renovate)နှင့်တည်ငြိမ်မှု(Stability) အဓိပ္ပါယ်ကို ဖော်ကြူးပါသည်။ အနီရောင် (Red)သည် စွမ်းအား (Energy)ကို ကိုယ်စားပြုပြီး လှုံ့ဆော်မှု (Motivation)နှင့်တက်ကြွအား ကောင်းသောလှုပ်ရှားမှု (Action) နှင့် အဝါရောင်(Yellow)မှာ မျှော်လင့်ချက်(Hope) ပျော်ရွှင်တက်ကြွခြင်း (Happiness) တီထွင်ဖန်တီးနိုင်စွမ်း (Creativity) အသိပညာ (Knowledge)အဓိပ္ပါယ်တို့ကိုဖော်ကြူးပါသည်။

## ဘဏ်၏(၅)နှစ်အတွက်ရည်မှန်းချက်များ(Five Years Strategic Plan)

ဘဏ်၏(၅)နှစ်စီမံကိန်း(High Level Financial Data)ကို ဒါရိုက်တာအဖွဲ့မှလာမည့် (၂၀၂၂-၂၀၂၃ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ) (၅)နှစ်အတွက် ရည်မှန်းချက်အဖြစ် သတ်မှတ်ထားပြီး ထို(၅)နှစ်အတွင်းတွင် ဘဏ်ဖွံ့ဖြိုးတိုးတက်အောင် အောက်ပါအတိုင်း စီမံကိန်းချမှတ်ထားပါသည်။

(၁) (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် Paid up Capital ကို အနည်းဆုံး (52)Billionထိ တိုးမြှင့်ရန်

(၂) Total Assetsအား (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် (650)Billionထိ တိုးတက်ရန်

(၃) ဘဏ်ခွဲအသစ်များကို (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေး နှစ်တွင် (၄)ဘဏ်၊ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် (၁၀)ဘဏ်၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်တွင် (၁၀)ဘဏ်၊ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ် တွင်(၁၀)ဘဏ် ဖြင့် (၅)နှစ်အတွင်း အနည်းဆုံး ဘဏ်ခွဲ(၈၀)အထိတိုးချဲ့ဖွင့်လှစ်နိုင်ရန်ရည်မှန်းပြီး ဆောင်ရွက်ကြရန် ဆုံးဖြတ်ကြပါသည်။

စီမံကိန်း(၅)နှစ်တာကာလအတွင်း ဘဏ်ကို ပိုမိုကြီးထွား(Growth) ဖြစ်ရန် မတည်ငွေရင်း(Paid up Capital) ကိုလည်း တိုးမြှင့်ရန်လိုအပ်သဖြင့် အစုရှယ်ယာများပိုမိုတိုးလာရန်အတွက် (၁)Share Split လုပ်ရန် (၂) Share Bonus ပေးရန်နှင့် (၃) အခြေအနေများပေးပါက ရှယ်ယာအသစ်( New Share) များထပ်မံထုတ်ရန်လည်း ဆုံးဖြတ်ထားပါသည်။

ဘဏ်ခွဲအသစ်များဖွင့်လှစ်ရေးကော်မတီအား ဒါရိုက်တာများအားလုံးဖြင့် ဖွဲ့စည်းထားပြီး(၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ် အတွင်း ရန်ကုန်တွင်ဘဏ်ခွဲအသစ်(၃)ဘဏ်နှင့် မန္တလေးမြို့တွင် ဘဏ်ခွဲ အသစ်(၁)ဘဏ်ကို စက်မှုဇုံတွင်ဖွင့်လှစ်ရန်။

New Products နှင့် Digital Transformation ကို Retail Customer များအတွက် Myanmar Net နှင့်ဆောင်ရွက်မည့် Mobile Wallets နှင့်Corporate Customers များအတွက် i- Banking ,Mobile Banking Prepaid Card/Debit Card, Merchant Acquiring (MMQR)များကို Core Banking ပြီးစီးပါက ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## ရှယ်ယာများကိုခွဲခြမ်းစိတ်ဖြာ (Share Split)ပြုလုပ်ရန်ဆုံးဖြတ်ခြင်း

ပထမပုဂ္ဂလိကဘဏ်၏သင်းဖွဲ့မှတ်တမ်းအပိုဒ်(၅)ပါ "မတည်ငွေများကို ယခုလက်ရှိ အစုရှယ်ယာများထက် တန်ဖိုး ကြီးသော သို့မဟုတ် တန်ဖိုးငယ်သော အစုရှယ်ယာများသို့ ခွဲခြမ်းစိတ်ဖြာ နိုင်သည် "နှင့် အညီဒါရိုက်တာအဖွဲ့၏ (၁၅-၆-၂၀၂၂) နေ့တွင်ကျင်းပသည့်ဒါရိုက်တာအဖွဲ့အစည်းအဝေး**"အစုရှယ်ယာတစ်စုလျှင်(ကနဦးတန်ဖိုး / မူလတန်ဖိုးကျပ်၁၀,၀၀၀တန်)အစု ရှယ်ယာတစ်စုကို ကနဦးတန်ဖိုး/မူလတန်ဖိုး ကျပ်၁၀၀၀/ ဖြင့် အစုရှယ်ယာ ဆယ်စု အဖြစ် ခွဲခြမ်းစိတ်ဖြာခြင်း (Share Split) လုပ်ရန်"**ဆုံးဖြတ်ခဲ့ပြီး **မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်တောင်းထားပါသည်။** ခွင့်ပြုချက်ရရှိပါက (၁၈-၁၂-၂၀၂၂)နေ့တွင် ကျင်းပပြုလုပ်မည့်(၁၁)ကြိမ်မြောက် အထူးအစည်းအဝေးနှင့်(၃၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်တင်ပြ အတည်ပြုချက် ရယူမည် ဖြစ်ပါသည်။

## ရှယ်ယာဆုကြေး(Share Bonus)ပေးရန်ဆုံးဖြတ်ခြင်း

ဒါရိုက်တာအဖွဲ့၏(၁၅-၆-၂၀၂၂)နေ့တွင် ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ **အစုရှယ်ယာများကို Share Split ပြုလုပ်ပြီးပါက အစုရှင်များကို အမြတ်ဝေစု ခွဲဝေ မပေးနိုင်သည်မှာ (၂၀၁၉-၂၀၂၀)နှင့် ( ၂၀၂၀-၂၀၂၁ ) ဘဏ္ဍာရေးနှစ် ( ၂ )နှစ်ရှိပြီ ဖြစ်၍ အစုရှင်များကို ရှယ်ယာဆုကြေး (Share Bonus)ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။**

(၁၈-၁၂-၂၀၂၂) နေ့တွင် ကျင်းပပြုလုပ်မည့်(၁၁)ကြိမ်မြောက် အထူးအစည်းအဝေးနှင့်(၃၁) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူပြီးပါက အစုရှယ်ယာရှင်များကို ရှယ်ယာဆုကြေး (Share Bonus)ခွဲဝေပေးမည် ဖြစ်ပါသည်။

## ဒါရိုက်တာတစ်ဦးပိုင်ဆိုင်ရမည့်အစုရှယ်ယာအရေအတွက်ပြောင်းလဲသတ်မှတ်ခြင်း

ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၏ (၃၀-၇-၂၀၂၂)ရက်နေ့တွင် ကျင်းပ သည့်(၇/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးက ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင်**သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၉၁)အရ "ဒါရိုက်တာ အရွေးခံလိုသူ အစုရှင် တစ်ဦး သည် ဘဏ်အစုရှယ်ယာ ကျပ်ငွေ ၁,၀၀၀,၀၀၀ (ကျပ်ငွေဆယ်သိန်း)နှင့်ညီမျှသောအစုရှယ်ယာများကို အမြဲတန်း ဝယ်ယူ ကိုင်ဆောင်ထားသူ ဖြစ်ရမည်" (အစား) "ဒါရိုက်တာတစ်ဦးသည် ဘဏ်အစုရှယ်ယာ ကနဦး သတ်မှတ် တန်ဘိုး (သို့) အမည်ခံ တန်ဘိုး Par Value (or) Nominal Value ကျပ် ၅၀၀,၀၀,၀၀၀/ (ကျပ်သိန်းငါးရာ) နှင့်ညီမျှသော အစု ရှယ်ယာ အရေအတွက်ကို ပိုင်ဆိုင်ရမည်"** ဟု ဆုံးဖြတ်ခဲ့ပြီး(၁၈-၁၂-၂၀၂၂)နေ့တွင်ကျင်းပပြုလုပ်မည့်(၁၁)ကြိမ်မြောက် အထူးအစည်းဝေး နှင့် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေ အစည်းအဝေးတွင်တင်ပြအတည်ပြုချက် ရယူမည် ဖြစ်ပါသည်။

## ဘဏ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(Constitution)ရေးဆွဲမှုအခြေအနေ

၂၀၂၁ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးမှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဘဏ်၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရေးဆွဲရန်အတွက် ဒါရိုက်တာအဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်းခဲ့သည့်အတွက် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution)ရေးဆွဲရန်အတွက် ၂၀၂၂ခုနှစ်မတ်လ(၉)ရက်နေ့က ဦးမောင်မောင်အောင်နှင့်အဖွဲ့အား လုပ်ငန်းအပ်နှံ သဘောတူစာချုပ်ချုပ်ဆိုအပ်နှံခဲ့ပါသည်။

ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရေးဆွဲရာတွင် သက်ဆိုင်သည့်ဥပဒေများ၊ နည်းဥပဒေများ ညွှန်ကြားချက်များနှင့် ကိုက်ညီစေရန်နှင့် ဒါရိုက်တာအဖွဲ့ကို အကြံဉာဏ်များပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရေးဆွဲရာတွင် အတွေ့အကြုံများစွာရှိသော ဦးငွေးချွန်(SECMကော်မရှင်အဖွဲ့ဝင်(ငြိမ်း))နှင့်ဒေါ်တင်မေဦး(SECMကော်မရှင်အဖွဲ့ဝင်(ငြိမ်း)တို့ကို အကြံပေး (Advisor)များအဖြစ် ခန့်ထားဆောင်ရွက်လျှက် ရှိပါသည်။

ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(မူကြမ်း)ကို ရေးဆွဲပြီးပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်ရယူရ မည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပြီးပါက အစုရှင်များကို တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပါသည်။

## ဒါရိုက်တာများကိုချီးမြှင့်သည့်ဆုကြေး လစာနှင့်ခံစားခွင့်များ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေး နှစ်(၆လ)အတွက် ဥက္ကဋ္ဌ ၊အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများကို ချီးမြှင့်သည့် လစာနှင့်ခံစားခွင့်စရိတ် စုစုပေါင်းမှာ ကျပ် ၆၅.၇၁သန်း ဖြစ်ပါသည်။ ဒါရိုက်တာများကိုချီးမြှင့်သည့် ဆုကြေးငွေမှာ ကျပ်သိန်း၁၀၀ ဖြစ်ပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ကွယ်လွန်သွားသောဒါရိုက်တာကြီးများဖြစ်သော ဘဏ်ဥက္ကဋ္ဌကြီး ဒေါက်တာစိန်မောင်ကို ကျပ်သိန်း(၃၀၀)နှင့်ဦးထွန်းဆိုင်(မကွေး)ကို ကျပ်သိန်း(၅၀)ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

## ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများဖွဲ့စည်းထားရှိခြင်း

နယ်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ အကြံပေးများနှင့် မြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊အစုရှင်များပါဝင်သောဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းထားရှိပါသည်။ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများသည် သက်ဆိုင်ရာဘဏ်ခွဲမှဘဏ်ဖောက်သည်များကို စည်းရုံး ပေးပါသည်။

ဘဏ်ခွဲရှိချေးငွေလျှောက်ထားသူများ၏စီးပွားရေးလုပ်ငန်းအခြေအနေနှင့် အာမခံအဆောက်အဦး အခြေအနေများကို အနီးကပ်စစ်ဆေး ပေးပြီး ထုတ်ချေးပေးနိုင်မည့်ချေးငွေပမာဏကို ထောက်ခံပေးကြပါသည်။

